ကောင်းပျက်ကျေးရွာ
ဟိုပန်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းပျက်ကျေးရွာ၊ ဟိုပန်မြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ ဩဂုတ် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၃
၂။	ကျေးရွာ သယံဇာတပြဓြေပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြကွဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၈
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၀
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၀
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၀
၉။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁
၁၀။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၁
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၂
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၆
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၇
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၁ခုနှစ်မှ ၂၀၂၅ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှု များရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဩဂုတ် လ ၂၀၂၁

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကောင်းပျက်ကျေးရွာ
ဟိုပန်မြို့နယ်


ဟိုပန်မြို့နယ်၊ ကောင်းပျက်ကျေးရွာ သယံဇာတပြမြေပုံ



ဟိုပန်မြို့နယ်၊ ကောင်းပျက်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



ဟိုပန်မြို့နယ်၊ ကောင်းပျက်ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကောင်းပျက်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်၏ အားဝေါ်ကျိုင်း ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ဟိုပန်မြို့၏ တောင်ဘက် (၂၃/၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် သံလွင်မြစ်၊ တောင်မြောက်ဘက်တွင် အားကိုကျိုင်းကျေးရွာနှင့် ကျယ်ပန်ကျိုင်းကျေးရွာ၊ မြောက်ဘက်တွင် ရှားလုံကျေးရွာ ၊အရှေ့ဘက်တွင် တောင်တန်း တည်ရှိပါသည်။ ကျေးရွာတွင် "၀"လူမျိုးများ အများဆုံး နေထိုင်ကြပါ သည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကျေးရွာမှာ တောင်ပေါ်ဒေသဖြစ်သောကြောင့် ရွာသီဥတုမှာ အေးသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧကမှာ(၃၇)ဧက ရှိပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာ လတွင် မိုးကုန်ပါသည်။ ဇွန်နှင့်ဇူလိုင်လတွင် မိုးအများဆုံးရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျ (၇၀ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျမ်းမျှအမြင့်ဆုံး အပူချိန် (၃၃.၈၀)ဒီဂရီ အနိမ့်ဆုံးအပူချိန် (၁၁.၀၀) ဒီဂရီစင်တီဂရိတ် ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၁၉)၊ လူဦးရေပေါင်း(၁၁၁)ဦးရှိပြီး "၀"လူမျိုးများသာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၈)ရာခိုင်နှုန်း ရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းအထက် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် လက်တလော စာရင်းကောက်ယူ ရာတွင် မရှိပါ။ (၅)နှစ်အောက် ကလေးငယ်(၃)ဦး (၂.၇ %)၊ သက်ကြီးရွယ်အို(၉)ဦး (၈.၁ %) အသီးသီး ရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေသည် (၇၆)ဦး၊ (၆၉ %) ရှိသည့် အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် (၄.၅ %) အနည်းငယ် လျော့နေ ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင် ရွက်ပေးထားသော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရရှိထားပါသည်။ ထိုစီမံကိန်းကို ကျေးရွာများမှ ဆက်လက်အကောင် အထည်ဖော်ရန်အတွက် ကျေးရွာတွင်း မြစိမ်းရောင် ကော်မတီအား ဖွဲ့စည်းထားပါသည်။ ထိုကော်မတီများမှ တစ်ဆင့် ကျေးရွာသူ/သားများအား အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေထုတ်ပေးခြင်း၊ ထုတ်ချေးငွေများအား ပြန်လည်ကောက်ခံခြင်း၊ ငွေစာရင်း ရှင်းလင်းခြင်း၊ ငွေစာရင်းစစ်ဆေးခြင်း၊ ချေးငွေအတည်ပြုခြင်း၊ ချေးငွေ အတိုးတွက်ချက်ခြင်းနှင့် ငွေကြေး ဆိုင်ရာစီမံခန့်ခွဲခြင်းတို့ကို ကျေးရွာမြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှု ကော်မတီနှင့် မြစိမ်းရောင်ဘဏ္ဍာရေး ဆပ်ကော်မတီတို့မှ တာဝန်ယူဆောင်ရွက်ပေးရပါသည်။ ရပ်မိရပ်ဖအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့ များမှာ ကျေးရွာတွင်း သာရေး/နာရေးကိစ္စများဆောင်ရွက်ရာတွင် အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြပြီး

ကျေးရွာဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးကိစ္စရပ်များကိုတော့ သက်ဆိုင်ရာဌာနများနှင့် ချိတ်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား လုပ်ကိုင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပါသည်။ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး အိမ်ထောင်စု(၂)စုသာ မြေယာမဲ့ဖြစ်ပါသည်။ အဓိကအားဖြင့် ပြောင်းနှင့်တောင်ယာစပါးတို့ကို စိုက်ပျိုးကြပြီး စပါးကို အိမ်စားသုံးရန် အတွက်သာ စိုက်ပျိုးကြပါသည်။ ပြောင်းသီးနှံကို မိမိတို့ အိမ်တွင် မွေးမြူထားသော ဝက်၊ ကြက်တို့ကို ကျွေးမွေးကြပြီး ပိုလျှံသည့် ပြောင်းများကို ဈေးသို့ သွားရောက် ရောင်းချကြသည်။

ကျေးရွာမှာ တောင်ပေါ်ဒေသဖြစ်ပြီး ထွန်စက်ရှိသူများက ထွန်စက်များကို အသုံးပြုကြပြီး မရှိသူများက ပေါက်ပြားနှင့် ကျွဲရှိသူများက ကျွဲများဖြင့် လယ်ထွန်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်သူများ အနည်းငယ်ရှိပြီး စိုက်ပျိုးရေးသုံးကိရိယာမရှိသူများမှာ အခြားသူများထံသို့ ငှားရမ်းခအနေဖြင့် ငွေသားပေးစရာမလိုပဲ ဆီထည့်ပေးခြင်းဖြင့်လည်း ငှားရမ်းကြပါသည်။

ကျေးရွာတွင် စိုက်ပျိုးသော သီးနှံမျိုးစိတ်များနှင့် ဓါတ်မြေဩဇာများ၊ ဓါတုပိုးသတ်ဆေးများကို ဟိုပန်မြို့နှင့် ပန်လုံမြို့တွင် ဝယ်ယူသုံးစွဲကြပါသည်။ အများအားဖြင့် (၅)ရက်တစ်ဈေးရှိသော မုန်းကွန်ဈေးခ်ဌသာ သွားရောက် ဝယ်ယူကြသည်။ သဘာဝမြေဩဇာအဖြစ် နွားချေး၊ ကြက်ချေး၊ ကျွဲချေးနှင့် ဝက်ချေးတို့ကို အသုံးပြုနိုင်သော်လည်း စိုက်ခင်းတွင် အသုံးပြုရန်မလုံလောက်သောကြောင့် သုံးစွဲသူနည်းပါးပါသည်။ ကျေးရွာမှထွက်ရှိသော စိုက်ပျိုးရေးထွက်ကုန်များကို ပန်လုံမြို့နှင့် မုန်းကွန်ဈေးတွင်သာ တင်ပို့ရောင်းချကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသောကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမရှိသော်လည်း အိမ်စားရန်အတွက်နှင့် ဝယ်ယူသူရှိပါက ရောင်းချပေးရန်သာ မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ မရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်ပေါ်ဒေသဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးမှာ ခက်ခဲလှသောကြောင့် ဘဏ်နှင့် ငွေကြေးလက်လှမ်းမှီနိုင်မှုမှာ အလွန်နည်းပါးပါသည်။ သို့သော် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင် ကျေးရွာစီမံကိန်းမှ အရင်း/အတိုးဆပ်ကာလ(၁၂)လအား (၀.၅%)အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရယူနိုင်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် ကျောင်းနေကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ ကျယ်ပန်ကျိုင်းကျေးရွာမှ မြေသားလမ်း (၁/၀)မိုင်ကျော်ခန့် ကွာဝေးပါသည်။ ရှားလုံကျေးရွာမှ မြေသားလမ်း၊ ကျောက်လမ်း (၂)မိုင်ကျော်ခန့် ကွာဝေးသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုများတွင် ဆိုင်ကယ်များသာ ပိုင်ဆိုင်ကြ ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာမှာ ဟိုပန်မြို့နှင့် (၂၃/၀)မိုင်ကျော်ခန့်ကွာဝေးသဖြင့် လျှပ်စစ်မီးမရရှိပါ။ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော ဆိုလာများ ရရှိထားပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် CDMA, Ooredoo, Mpt ဖုန်းလိုင်းများ တခါတရံ ရရှိပြီး မိုးရာသီတွင် မိုးများသည်းထန်စွာရွာပါက ဖုန်းလိုင်းများပျက်သောကြောင့် ဆက်သွယ်ရအနည်းငယ် ခက်ခဲသော ကျေးရွာဖြစ်ပါသည်။

၇။ ပညာရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ သို့သော် ကျေးရွာနှင့်(၅/၀)မိုင်ကျော်ခန့်ကွာဝေးသော ဆီးလုံကျေးရွာရှိ မူလတန်းစာသင်ကျောင်းသို့ စာသွားသင်ရပြီး လက်ရှိပညာသင်ကြားနေသော ကျောင်းသူ/သား ဦးရေစုစုပေါင်း(၂၄)ဦးရှိပါသည်။ မူလတန်းပညာသင်ကြားသူ(၁၈)ဦး၊ အလယ်တန်းပညာသင်ကြားသူ(၅)ဦးနှင့် အထက်တန်းပညာသင်ကြားသူ(၁)ဦးရှိပြီး လတ်တလောတွင် တက္ကသိုလ်ပညာသင်ကြားသူတော့မရှိပါ။

၈။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိပါ။ ရွာနှင့်(၇/၀)မိုင်ကျော်ခန့်ကွာဝေးသော မုန်းကွန်း(ရွာမ)ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ကာကွယ်ဆေး ထိုးနှံမှုများကို ပုံမှန်ရရှိပါသည်။ အနည်းငယ်ဖျားနာခြင်း၊ သွေးတိုး အနည်းငယ်ဖြစ်ပွားပါက

မုန်းကွန်(ရွာမ) ကျေးလက်ဆေးပေးခန်းသို့သာ ကုသမှုခံယူကြပါသည်။ ကျေးလက်ဆေးပေးခန်းမှ ကုသ၍မရနိုင်သော ရောဂါမျိုးဖြစ်မှသာ ကျေးရွာနှင့် (၂၃/၀)မိုင်ကျော်ခန့်ကွာဝေးသော ဟိုပန်မြို့နယ် ဆေးရုံးသို့ သွားရောက် ကုသမှုခံယူကြပါသည်။

၉။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သဘာဝဓါတ်မြေဩဇာများနည်းပါး၍သော်လည်းကောင်း၊ ဈေးကြီးသော ဓါတုဓါတ်မြေဩဇာများကို မဝယ်နိုင်၍သော်လည်းကောင်း ဈေးနှုန်းအသင့်အတင့်ရှိသော ဓါတုဓါတ်မြေဩဇာများ၊ ပိုးသတ်ဆေးများကိုသာ သုံးစွဲရသောကြောင့် မြေဆီလွှာများပျက်စီးနိုင်ပြီး သဘာဝမှရသော မြေဆီ၊ မြေဩဇာများနည်းပါးလာခြင်းတို့ဖြစ်ပေါ်လာပါသည်။ တောမီးလောင်မှုများနှင့် စည်းမဲ့ကမ်းမဲ့သစ်ခုတ်ခြင်းများကြောင့် သစ်တောများပြုန်းတီးလျက်ရှိပြီး သဘာဝသစ်တောများ ပျက်စီးလာခြင်းကြောင့် ရွာနီးပတ်ဝန်းကျင်ရှိသစ်တောများကို ရွာသူ/သားများက တတ်နိုင်သမျှထိန်းသိမ်းစောင့်ရှောက်ကြရပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ရှေးရိုးစွဲအယူအဆများနှင့် လမ်းပန်ဆက်သွယ်ရေးခက်ခဲမှုများကြောင့် အုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများပါဝင်ခေါင်းဆောင်မှု အားနည်းလျက်ရှိပါသည်။ သို့သော်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများအနေဖြင့် တတ်နိုင်သည့်ကဏ္ဍမှ တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်များအတွက် သီးသန့်အနားယူအပန်းဖြေစရာနေရာမရှိသော်လည်း ရာသီအလိုက် ရိုးရာပွဲတော်များ၊ ဘာသာရေးပွဲတော်များကိုတော့ အလေးထားဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်များမှာ တက်ညီလက်ညီပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် လူငယ်များဗဟုသုတလေ့လာရန်အတွက် စာကြည့်တိုက်မရှိသည့်အတွက် အသိပညာဗဟုသုတများနှင့် စဉ်းစားချင့်ချိန်နိုင်စွမ်းများ လျော့ကျပါသည်။ သို့သော်လည်း ကျေးရွာအတွင်းရှိ ကျေးရွာသူ/သားများမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ၊ ဘာသာရေးလုပ်ငန်းများ ၊ ရိုးရာဓလေ့ထုံးစံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုမရှိသော်လည်း မှုခင်းဖြစ်ပွားမှုများ မတွေ့ရှိရပေ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (ရေပိုက်ဝယ်ယူခြင်း)	၁	✓				
၂	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	၂		✓			
၃	ရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း (ကတ္တရာလမ်းခင်းခြင်း)	၃			✓	✓	
၄	မွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်း	၄		✓	✓	✓	✓
၅	ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်း	၅		✓	✓	✓	✓
၆	ဖုန်းတာဝါတိုင် တည်ဆောက်ခြင်း	၆					✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– ကောင်းပျက်
ကျေးရွာအုပ်စု	– အားဝေါကျိုင်း
မြို့နယ်	– ဟိုပန်မြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည်	– စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း(ရေပိုက်ဝယ်ယူခြင်း)
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
ကျွန်တော်တို့ကျေးရွာသည် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ တိုးပွာလာသည့်အတွက် အိမ်သုံး၊ သောက်သုံးခြင်း၊ ရေချိုးခြင်း၊ တိရစ္ဆာန်များအတွက်ရေမလုံလောက်သည့် အခက်အခဲ ဖြစ်နေပါသည်။ ယခင်က သွယ်တန်းပေးထားသော ရေပိုက်များမှာ နှစ်ကာလ ကြာလာသဖြင့် ပျက်စီးကုန်၍ ရေပိုက်အသစ်များ ပြောင်းလဲ ပြင်ဆင်ရန် လိုအပ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
ကျွန်တော်တို့ကျေးရွာသည် အိမ်ခြေ၊ အိမ်ထောင်စုနှင့် လူဦးရေ တိုးပွာလာသည့်အတွက် လက်ရှိရယူနေသော စိမ့်စမ်းရေထွတ်တွင် ရေသိုလှောင်နိုင်ရန် ရေတားတမံတည်ဆောက်ခြင်း၊ ယခင် သွယ်တန်းပေးထားသော ရေပိုက်များမှာ နှစ်ကာလ ကြာလာသဖြင့် ပျက်စီးကုန်၍ ရေပိုက်အသစ်များ ပြောင်းလဲ ပြင်ဆင်ရန် လိုအပ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)	
စိမ့်စမ်းရေသွယ်ယူခြင်း(ရေပိုက်အသစ်များ)ဖြင့် ပြန်လည်သွယ်တန်း ပြီးစီးသွားလျှင် ကျေးရွာသူ/သားများအတွက်လည်း သောက်ရေ၊ သုံးရေ အတွက် လုံလောက် အဆင်ပြေသွားနိုင်မည်ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
(၁၉၆၈၅)ပေ၊ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း(ရေပိုက်ဝယ်ယူခြင်း)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) • (ငွေသား) • (ပစ္စည်း + လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၅၃	၅၈	၁၁၁	၆	၆	၅	၂	၁၉
အကျိုးခံစားမည့်သူ ဦးရေ	၅၃	၅၈	၁၁၁	၆	၆	၅	၂	၁၉
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၅၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

ကျေးရွာအုပ်ချုပ်ရေပိုင်းဆိုင်ရာအဖွဲ့အစည်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၂၂.၈.၂၀၂၁

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၃၀.၉.၂၀၂၁

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာသူများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း)တွင် လုပ်အား/ငွေအား ပါဝင်လာစေရန် ရပ်မိ/ရပ်ဖ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ တိုက်တွန်း နှိုးဆော်သွားမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ရပ်မိ/ရပ်ဖအဖွဲဝင်များ ပါဝင်ခြင်းဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ပြီးစီးသွားသောလုပ်ငန်းပြင်ဆင် ထိန်းသိမ်းခြင်းအား ကျေးရွာသူ/သားများ စုပေါင်းပြုပြင်ဆောင်ရွက်သွားမည်။

နောက်ဆက်တွဲ (၁)

ကောင်းပျက်ကျေးရွာ ၊ ဖတ်ဟာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအိုက်ဆင်း	ဦးညီဘရား	၁၃/ဟပတ(နိုင်) ဝ၁၉၅၅၄	၃၈	ဥက္ကဋ္ဌ	
၂။	ဦးဂျစ်ဆွဲ	ဦးအိုက်တောင်း	၁၃/ဟပတ(နိုင်) ဝဝဖဝဝ၉	၅၃	ဘဏ္ဍာရေးမှူး	
၃။	ဦးအိုက်ကျန်	ဦးကျက်အောင်	၁၃/ဟပတ(နိုင်) ဝ၁၈ဖ၃ဝ	၄၅	စာရင်းကိုင်	
၄။	ဒေါ်ခမ်းလူ	ဦးကျက်ယင်း	၁၃/ပလတ(နိုင်) ဝဝဝ၃၈၅	၃၃	သော့ကိုင် (၁)	
၅။	ဒေါ်နန်းဆွေ	ဦးအိုက်ဆုတ်	၁၃/ပလတ(နိုင်) ဝဝဝဝဖ၅	၃ဖ	သော့ကိုင် (၂)	
၆။	ဦးဆမ်တောင်း	ဦးညီကား	၁၃/ဟပတ(နိုင်) ဝ၂၁၃၇၇	၃၄	အဖွဲ့ဝင်	
၇။	ဦးငို့ပလုတ်	ဦးညီငဲ	၁၂/လသယ(နိုင်) ဝဖ၈၁၂၇	၃၈	အတွင်းရေးမှူး	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	-	-	-	-	-
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁	၂	၃	-	-
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၂	၅	၇	-	-
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀	၆	၁၆	-	-
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၄	၄၂	၇၆	-	၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၃	၉	-	-
စုစုပေါင်း		**၅၃**	**၅၈**	**၁၁၁**	**-**	**၁**
စုစုပေါင်း အိမ်ထောင်စု		**၁၉**				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ(၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည် မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ခြေ(၁၉)၊ လူဦးရေပေါင်း(၁၁၁)ဦးရှိပြီး "၀"လူမျိုးများသာ နေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၅.၈)ရာခိုင်နှုန်း ရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်း ဖြစ်သော တစ်အိမ်ထောင် (၅)ယောက်နှုန်းအထက် ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် လက်တလော စာရင်းကောက်ယူ ရာတွင် မရှိပါ။ (၅)နှစ်အောက် ကလေးငယ်(၃)ဦး (၂.၇ %)၊ သက်ကြီးရွယ်အို(၉)ဦး (၈.၁ %) အသီးသီး ရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေသည် (၇၆)ဦး၊ (၆၉ %) ရှိသည့် အတွက် အလုပ်လုပ်နိုင်သောသူ များပြားပါသည်။ ထို့ပြင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေ ထက် (၄.၅ %) အနည်းငယ် လျော့နေ ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၇	၃၉	၅	၁၉	၂၀	-	မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား/ဝန်ထမ်း	၁	၁	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား/ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၂	၃	-	၂	၁	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်လုပ်ငန်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၁၉**	**၄၂**	**၅**	**၂၁**	**၂၁**		☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု **(**နိမ့်၊ လတ်၊ မြင့်**)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ **(**သို့မဟုတ်**)** အလုပ်သမား**/** ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ၏ "ကိုယ်ပိုင်လုပ်ငန်း" တွင်ရပ်တည်နိုင်မှု "မြင့်"ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်း များနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသော ကျေးရွာဖြစ်ပြီး ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်(နေ့စားလိုက်ခြင်း) လုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူမှာ တစ်ရွာလုံး (၁၇)အိမ်ထောင်စုရှိပြီး ကျန်(၂)

အိမ်ထောင်စုအနက် (၂)အိမ်ထောင်စုမှာ လယ်ယာမြေမရှိသည့်အတွက် နေ့စားလိုက်ခြင်းနှင့် ကျန်(၁)အိမ်ထောင်စုမှာ စိုက်ပျိုးလယ်ယာမြေရှိပါသော်လည်း ကိုယ်ပိုင်လုပ်ကိုင်ကြခြင်းမရှိပဲ အခြားသူများအား အခကြေးငွေဖြင့် ငှားရမ်းပေးပါသည်။စိုက်ပျိုးရေးလုပ်ငန်းအတွက် နေ့စားငှားရမ်းမည် ဆိုပါက လွယ်ကူသော်လည်း ရွာအများ၏ ဓလေ့ထုံးတမ်းအရ အခကြေးငွေမယူပဲ မိမိတို့၏လယ်/ယာများတွင် အလှည့်ကျစနစ်ဖြင့် အချင်းချင်းကူညီခြင်းမျိုးသာ ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခန္ဓနိုးထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး(ကျပ်)		အနည်းဆုံး(ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	-	-	-	-
၇	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးရေးအတွက် လုပ်သားငှားရမ်းရာတွင် အခကြေးငွေကို ကျား/မ တန်းတူ ခံစားစေပါသည်။ကျေးရွာတွင် တစ်နေ့လုပ်အားခကို(၅၀၀၀/-)ပေးရပြီး ထမင်း(၁)နပ်ကျွေးပါသည်။ ရွာအနီးရှိ အခြားကျေးရွာများသို့လည်း နေ့စားအနေဖြင့် သွားရောက်လုပ်ကိုင်ကြသူလည်းရှိပါသည်။ မည်သို့ပင်ဆိုပါစေ လုပ်အားခကို အညီအမျှပေးသည့် အတွက် ကျား/မ တန်းတူ အခွင့် အရေးပေးထားကြောင်း တွေ့ရှိရပါသည်။

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၇	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)
စားကျက်မြေ	-	ကောင်း ☐ သင့်☐ ညံ့ ☐
မြေလွတ်မြေလပ်	-	ကောင်း ☐ သင့်☐ ညံ့ ☐
စုစုပေါင်း	၃၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ စုစုပေါင်းစိုက်ပျိုးမြေဧကမှာ (၃၇)ဧကဖြစ်ပြီး မြေအမျိုးအစားများမှာ တောင်ယာမြေများသာဖြစ်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး☐ အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☑ မရှိ ☐	☒	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ(အင်း၊ အိုင်၊ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐	လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊ တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအနီးဝန်းကျင်များ၌ ကျောက်တောင်ရှိသော်လည်း ထုတ်ယူသုံးစွဲရန် ခက်ခဲသည်။

ဆေးဘက်ဝင်အပင်များနှင့် သဘောဝ တောတိရစ္ဆာန်များ အနည်းငယ်တွေ့ရှိရပြီး လျော့နည်းလာပါပြီ။ ကျေးရွာအပေါ်ဘက်တွင် စိမ့်စမ်းရေထွက်ရှိပြီး ၎င်းရေကို ကျေးလက်ဦးစီးမှ ရေပိုက်များဖြင့် သွယ်တန်း ပေးထားပြီး ကျေးရွာထဲ၌ ရေစုကန် တစ်လုံးလည်း တည်ဆောက်ပေးထားပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၃	၉	၁

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ၊ အိမ်ထောင်စု (၁၉)စုရှိပြီး လုံးဝအဆင်မပြေသောအိမ်ထောင်စုမှာ (၁)စုသာ စိုက်ပျိုးမြေယာပိုင်ဆိုင်မှုမရှိပဲ နေ့စားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး ကျန်သူများမှာ စိုက်ပျိုးမြေ ၈ကေ အနည်းဆုံး(၁)ဧကခန့်ရှိသည့်အတွက် အနည်းငယ်တော့ အဆင်ပြေပါသည်။ လုံးဝ အဆင်ပြေသည့် အိမ်ထောင်စု (၁)စုရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
ဖြစ်မှာ၁၂လအထိ ဝမ်းစာဖူလုံမှု	-	-	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့် (၃) နှင့် (၄)များရှိသော်လည်း ၎င်းတို့မှာ ကိုယ်ပိုင်စိုက်ပျိုးမြေကော အနည်းငယ်ရှိပြီး မိသားစုစားသောက်ရန်အတွက် စပါးအနည်းငယ် နှင့် စီးပွားဖြစ်ပြောင်းအနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသောကြောင့် တစ်မိသားစုလုံးအတွက် တစ်နေ့(၃)နပ်စာ ဝမ်းစာဖူလုံမှုရှိသည့်အတွက် အခြားနည်းဖြင့် ဝမ်းစာဖူလုံမှုအတွက် ဖြေရှင်းခြင်းတော့မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပုဂ္ဂိုလ်	၁	-	၁
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးဦးစီးသော အိမ်ထောင်စု(၅)စုရှိပြီး ၎င်းတို့သည် တောင်ယာဧက အနည်းဆုံး(၁)ဧကပိုင်ဆိုင်ထားကာ ဝမ်းစာဖူလုံမှုရှိခြင်းနှင့် အသက်(၅၀)နှစ်ကျော် သက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့် ပုဂ္ဂိုလ်ရှိသော်လည်း (၁)ဦးမှာမိသားစုနှင့်အတူနေထိုင်ခြင်းနှင့် မသန်စွမ်းသူမှာ ကိုယ်ပိုင်စိုက်ပျိုးမြေကော မရှိသော်လည်း အခြားသူများထံသို့ နေ့စားအနေဖြင့် သွားရောက်အလုပ်လုပ်သည့်အတွက် ဝမ်းစာဖူလုံမှုရှိခြင်းတို့ကြောင့် အထူးစောင့်ရှောက်မှုတော့ မလိုအပ်ပါ။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	-	-	-	-	-	-
၂	လျှပ်တပြတ်ရေကြီးခြင်း	-	-	-	-	-	-
၃	မုန်တိုင်းဒီရေ	-	-	-	-	-	-
၄	ဆူနာမီ	-	-	-	-	-	-
၅	တိုင်ဖုန်းမုန်တိုင်း	-	-	-	-	-	-
၆	လေဆင်နာမောင်း	-	-	-	-	-	-
၇	ငလျင်	-	-	-	-	-	-
၈	အပူလှိုင်း	-	-	-	-	-	-
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု	-	-	-	-	-	-
၁၀	အအေးလှိုင်း	-	-	-	-	-	-
၁၁	မိုးသီးကြွေကျမှု	-	-	-	-	-	-
၁၂	မိုးခေါင်ခြင်း	✓	-	-	-	-	-
၁၃	တောမီးလောင်ခြင်း	✓	-	-	-	-	-
၁၄	မြစ်ကမ်းပါးပြိုခြင်း	-	-	-	-	-	-
၁၅	ကမ်းရိုးတန်းတိုက်စားမှု	-	-	-	-	-	-
၁၆	မြေပြိုခြင်း	-	-	-	-	-	-
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	**နိမ့်**	**လတ်**	**မြင့်**	**နိမ့်**	**လတ်**	**မြင့်**
၁၇	စားနပ်ရိက္ခာမဖူလုံမှု	-	-	-	-	-	-
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)	-	-	-	-	-	-
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း	-	-	-	-	-	-
၂၀	သစ်တောပြုန်းတီးခြင်း	✓	-	-	-	-	-
၂၁	၄က်ဖျားရောဂါ	-	-	-	-	-	-
၂၂	တီဘီရောဂါ	-	-	-	-	-	-
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	-	-	-	-	-	-
၂၄	ကပ်ရောဂါ	-	-	-	-	-	-
၂၅	ပြည်တွင်းပဋိပက္ခ	-	-	-	-	-	-
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓	-	-	-	-	-
၂၇	လူကုန်ကူးခြင်း	-	-	-	-	-	-
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစသည်	✓	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏ မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်

အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု – လတ်

အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။မိမိတို့ကျေးရွာသည် ဟိုပန်မြို့နှင့်မိုင်(၂၃)ကျော်ခန့်ကွာဝေးပြီး ဟိုပန်မြို့နှင့် ဝေးလံသောကျေးရွာဖြစ်သည့်အပြင် ဆက်သွယ်ရေးအနည်းငယ်ခက်ခဲသောကျေးရွာလည်းဖြစ်ကာ တစ်ခါတစ်ရံတွင် မိုးခေါင်ခြင်းနှင့် တောမီးလောင်ခြင်းအနည်းငယ်သာ ဖြစ်ပေါ်တတ်ပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	-	-	-	-	-	-
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	-	-	-	-	-	-
၃	ဆင်းရဲသားတောင်သူ	-	-	-	-	-	-
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	-	-	-	-	-	-
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	-	-	-	-	-	-
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	-	-	-	-	-	-
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)	-	-	-	-	-	-
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	-	-	-	-	-	-
၉	ငါးကန်ပိုင်ရှင်များ	-	-	-	-	-	-
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	-	-	-	-	-	-
၁၁	လူနည်းစုလူမျိုးများ	-	-	-	-	-	-
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	-	-	-	-	-	-
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	-	-	-	-	-	-
၁၄	ရွှေတွင်းလုပ်သားများ	-	-	-	-	-	-
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	-	-	-	-	-	-

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာ တစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၆	နေရပ်ပြန်အခြေချသူများ	-	-	-	-	-	-
၁၇	ရွှေ့ပြောင်းလုပ်သားများ	-	-	-	-	-	-
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-	-	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများရှိသော်လည်း သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ ၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်ကြောင့်ဖြစ်စေ ဖြစ်ပေါ်လာပါက ၎င်းတို့မှာ ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အခြေအနေမရှိပါ။ အကယ်၍ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အားလုံးဝိုင်းဝန်းတွန်းလှန်ဖြေရှင်းကြပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး/ ရပ်မိရပ်ဖ အဖွဲ့	၁☐ ၂☐ ၃☑	၁	-	၁	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐
၂	လူငယ်အဖွဲ့	၁☐ ၂☐ ၃☑	၅	၆	၁၁	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☐ သင့်☑ ညံ့☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၃	"ဝ"စာပေ ယဉ်ကျေးမှု	၁☐ ၂☐ ၃☑	၁	-၁	၂	ပညာရေး☐ ငွေကြေး☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄	ကျေးရွာ မြစိမ်းရောင် ကော်မတီ အဖွဲ့	၁☑ ၂☐ ၃☐	-	၂	၂	ပညာရေး☐ ငွေကြေး☑ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများကို (၄)ဖွဲ့သာ ဖွဲ့စည်းထားနိုင်ပါသည်။ အများစုမှာ စာမတတ်သောကြောင့်လည်းကောင်း၊ ဗဟုသုတနည်းပါး၍သော်လည်းကောင်း အခြားသောအဖွဲ့များ ထပ်မံဖွဲ့စည်းထားနိုင်ခြင်းမရှိပါ။ သို့သော် သာရေး/နာရေးကိစ္စများအပြင် အခြားသောကိစ္စများ ဖြစ်ပေါ်လာပါက အချင်းချင်းလာရောက်ကူညီပေးကြပါသည်။ ထို့အပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှာ ပန်မွန်း+ကောင်းပျက်ကျေးရွာ (၂)ရွာ (၁)ယူနစ်ရရှိထားသောကြောင့် ကျေးရွာကော်မတီကို (၂)ရွာပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင် ဦးရေမှာ (၂)ဦးသာရှိပြီး ကျန်(၅)ဦးမှာ ပန်မွန်းကျေးရွာမှ အဖွဲ့ဝင်ဖြစ်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐
၂		၁☐၂☐၃☐၄☐၅☐၆☐၇☐	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ-ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊**Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (**ပြည်တွင်း/ပြည်ပ**) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (**ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်**)**တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။**

လေ့လာတွေ့ရှိချက်။ ။ကျွန်တော်တို့ကျေးရွာမှာ တောင်ပေါ်ဒေသဖြစ်ပြီး ဟိုပန်မြို့နှင့် အလှမ်းဝေးခြင်း၊ လမ်းခရီးမှာ အကြမ်းတမ်းခြင်း၊ အထူးသဖြင့် လမ်းမှာ မတ်စောက်ပြီး လျှိုသွားရာလမ်းများဖြစ်နေသည့်အပြင် မြေသားလမ်းများလည်းဖြစ်သောကြောင့် မိုးရာသီအချိန်တွင် သွားလာရအလွန်ခက်ခဲလှပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်ပေးသောပြင်ပဌာနများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ပေးထားသော မီးလင်းရေး၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်တွင် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် မီးလင်းရေး(ဆိုလာ)(၁)လုံး၊ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်တွင် မီးလင်းရေး(ICB-4) (၁၃)လုံးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ပန်မွန်း+ကောင်းပျက်ကျေးရွာ (၂)ရွာ (၁)ယူနစ်ကိုလည်း ထပ်မံရရှိထားသောကြောင့် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်မှုအနည်းငယ်သာရှိပြီး ကျန်ဌာနဖြစ်သော မြို့နယ်အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဌာနတို့နှင့်တော့ ဆက်သွယ်မှု နည်းပါးပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	၂	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၁	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၆	၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	-	-	တောင်သူလတ်

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၅	၁၂.၅ဧကအထက်	-	-	တောင်သူကြီး
ကျေးရွာရှိ အိမ်ထောင်စုစုပေါင်း		**၁၉**	**၅**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စု(၁၉)စုအနက် အိမ်ထောင်စု(၂)စုသာ စိုက်ပျိုးမြေ မြေမဲ့ယာမဲ့ဖြစ်ပြီး ၎င်းတို့မှာ အခြားသူများထံသို့ နေ့စားအနေဖြင့် အလုပ်လုပ်ရပါသည်။ စိုက်ပျိုးမြေပိုင်ယာပိုင်ရှိသူများမှာ မိမိယာမြေများမှစိုက်ပျိုးသီးနှံများအားရိတ်သိမ်းပြီးလျှင် အခြားသောသူများထံသို့ နေ့စားအနေဖြင့်လည်းကောင်း(သို့)အချင်းချင်းကူညီခြင်းဖြင့်လည်းကောင်း သွားရောက်လုပ်ကိုင်ပေးကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဧယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်)	**လုံလောက်မှု(ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□	လျော့□ တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးမြေမှာ တောင်ယာစိုက်ပျိုးမြေသာရှိပြီး စုစုပေါင်းဧကမှာ (၃၇)ဧကရှိပါသည်။ ရေသွင်းစိုက်ပျိုးရမည့် လယ်မြေများမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကွက်	တစ်ကေအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
ပြောင်း	၂၀	အိတ်	၆	၇	၅	မေ	ဇွန်/ဇူလိုင်	မြင့်☐လတ်☑နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☑
စပါး	၁၇	တင်း	၂	၃	၂	ဇွန်/ဇူလိုင်	ဒီဇင်ဘာ/ဇန်နဝါရီ	မြင့်☐လတ်☑နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြောင်းနှင့် စပါးကို စိုက်ပျိုးကြသော်လည်း စီးပွားအဖြစ် စိုက်ပျိုးကြခြင်းမဟုတ်ပဲ မိမိအိမ်အတွက် ဝမ်းစာဖူလုံရန်အတွက်သာ စိုက်ပျိုးကြပါသည်။မြေဆီမကောင်းသည့်အတွက် အထွက်နှုန်းနည်းပါးကာ မြေဩဇာများအသုံးမပြုကြပဲ သီးနှံများအား စိုက်ပျိုးကြပါသည်။ အထွက်နှုန်းနည်းပါးသည့်အတွက် စိုက်ပျိုးသည့် စပါးမှာ အိမ်အတွက် ဝမ်းစာမဖူလုံသည့်အပြင် ကျေးရွာနှင့် (၀/၅)မိုင်ခန့်ကွာဝေးသော ပန်လုံမြို့တွင် ပြန်လည်ဝယ်ယူစားသုံးရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်	-	-	-	-
လက်တွန်းထွန်စက်	–	-	-	–
အစေ့ချကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	–	-	-	-
ရိတ်သိမ်းစက်	–	-	-	-
ခြွေလှေ့စက်	၁	-	-	-
ရေစုပ်စက်	-	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	–	-	-	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံးကိရိယာ(ခြွေလှေ့စက်)ပိုင်ဆိုင်သူမှာ(၁)အိမ်ထောင်စုသာရှိပါသည်။ တောင်သူများမှာ စိုက်ပျိုးရေးသုံးကိရိယာများ သုံးစွဲခြင်းမပြုပဲ ပေါက်ပြားနှင့် ကျွဲရှိသူများက ကျွဲများကိုသာ အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	ထိခိုက်သည်☐ မထိခိုက်ပါ ☐ မဖြေဆိုပါ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်နှုန်းတိုးစေရန် အခွင့်အလမ်းနေဖြင့် ချေးငွေများလိုအပ်ပါက ကျေးလက်ဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးထားသော မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှလည်းကောင်း၊ ဆွေမျိုးသားချင်းများထံမှလည်းကောင်း ချေးငွေများကိုရယူနိုင်ပါသည်။ ပို့ကုန်အနေဖြင့် တရုတ်ပြည်နှင့်နီးသည့်အတွက်ကြောင့် ကျေးရွာရှိထွက်ကုန်များကို တရုတ်ပြည်သို့လည်းကောင်း၊ ချင်းရွှေဟော်နှင့် နမ့်တစ်မြို့သို့လည်းကောင်း တင်သွင်းနိုင်ပါသည်။ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နည်းပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်သည့် သင်တန်းများပေးခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားထားသည့်အတိုင်း တောင်သူများမှ လိုက်နာဆောင်ရွက်ခြင်းသည် မိမိတို့စိုက်ပျိုးထားသော သီးနှံများ၏ အထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများဖြစ်စေပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐ မဖြေဆိုပါ☑
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☐☑
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☑ လုံးဝမရ☐ မဖြေဆိုပါ☐
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ☑ မဖြေဆိုပါ☐
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐
ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သောသတင်းအချက်အလက် လက်လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐
ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာအကြံဉာဏ်များလက် လှမ်းမီမှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☑ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။အခက်အခဲနှင့် ပြဿနာမှာ မြေဆီမြေလွှာများ ကောင်းမွန်မှုမရှိခြင်းကြောင့် စိုက်ပျိုးထားသော စပါးများမှာ အထွက်နှုန်းနည်းပါးကာ အိမ်အတွက်လုံလောက်မှုမရှိသည့်အပြင် အနီးနားမှ မုန်းကွန်(ရွာမ)စျေးနှင့် ပန်လုံမြို့ရှိစျေးတွင် သွားရောက် ဝယ်ယူရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ

